ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

ခုံအဖွဲ့

၂၀၂၂ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၈/၂၀၂၂)

| | |
|---|---|
| ဒေါ်နန်းမြ (အလုပ်ရှင်)<br>Grand Mercure Yangon Golden Empire<br>(Grand Mercure Hotel)<br>ဦးခင်မောင်ဌွေး (Director Of Finance)<br>(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊<br>အမှတ် (၁)၊ သခင်ဖိုးလှကြီးလမ်းနှင့် မေတ္တာလမ်းထောင့်၊<br>(၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |
| နှင့် | |
| ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား (၁၁)ဦး<br>အမှတ် (၄၅၆)၊ ပတ္တမြားရပ်ကွက်၊<br>ရေနံချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၂၆ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်းနှင့် မေတ္တာလမ်းထောင့်၊ အမှတ်(၁) ရှိ Grand Mercure Yangon Golden Empire (Grand Mercure Hotel)၊ ဒေါ်နန်းမြ (အလုပ်ရှင်) ၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်ဌွေး (Financial Controller) နှင့် ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား(၁၁)ဦး တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို တောင်ဥက္ကလာပမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဖြေရှင်းဆောင်ရွက်ခဲ့ရာ ပြေငြိမ်းမှုမရရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းတင်ပြခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သည် အဆိုပါအငြင်းပွားမှုကို အရေးယူဆောင်ရွက်ခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သည် တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာ၊ သက်သေခံစာရွက်စာတမ်းများ၊ သက်သေစစ်ဆေးချက်များ၊ လစာနှင့် ဆိုင်ရာစာရွက်စာတမ်းများကို အခြေပြု၍ ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်ခဲ့ပါသည်။

အမှုဖြစ်စဉ်အကျဉ်းချုပ် (ခုံသမာဓိအဖွဲ့)

၃။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ဩဂုတ်လအထိ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ဟိုတယ်အား (၅)လ ယာယီပိတ်ထားကာ အလုပ်ရှင်နှင့် အလုပ်သမားများ သဘောတူညီချက်အရ လစာ၏ ၂၀% ဖြင့် ခံစားခွင့်ပေးခဲ့ပြီး စက်တင်ဘာလမှစ၍ မည်သည့်ခံစားခွင့်မျှ မရရှိ၊ အလုပ်ကိုလည်း ပြန်လည် ခေါ်ခြင်းမရှိဘဲ ဝန်ထမ်းသစ်များခေါ်ယူ၍ လည်ပတ်လျက်ရှိနေခြင်းကြောင့် ယခင် ဝန်ထမ်းဟောင်း များဖြစ်သော အလုပ်သမား ဒေါ်ဇင်ပွင့်ဖြူ ပါ (၁၁)ဦးတို့က မူလနေရာ၊ မူလရာထူး၊ မူလလစာဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်၊ အလုပ်ပြန်မခန့်နိုင်ပါက ဥပဒေနှင့်အညီ နစ်နာကြေး ပေးရန် တောင်းဆိုရာ တောင်ဥက္ကလာပမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ် ညှိနှိုင်းဆောင်ရွက် ပေးသော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့ လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက်။ တောင်းဆိုသူ အလုပ်သမား ဒေါ်ဇင်ပွင့်ဖြူ ပါ (၁၁)ဦးတို့အား မူလနေရာ၊ မူလရာထူး၊ မူလလစာဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် သင့်/ မသင့်။

ဆုံးဖြတ်ချက်။ အလုပ်သမား ဒေါ်ဇင်ပွင့်ဖြူ ပါ (၁၁)ဦးအား အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)နှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေး အား အောက်ပါအတိုင်း တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်သည်-

| စဉ် | အမည် | အလုပ်ဝင်ရက်စွဲ | အငြင်းပွားမှုဖြစ်ပွားသည့်နေ့ | လုပ်သက် | လစာနှုန်း (USD) | နစ်နာကြေးနှုန်းထား | စုစုပေါင်း (USD) |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ဇင်ပွင့်ဖြူ | ၁၈-၁၂-၂၀၁၉ | ၂၈-၂-၂၀၂၂ | ၂ နှစ် ၂ လ | 1000 | 1000 × ၁ လခွဲစာ | 1500 |
| ၂ | ဦးကျော်စွာရှိန် | ၅-၃-၂၀၁၈ | ၂၈-၂-၂၀၂၂ | ၃နှစ်၁၁လ | 750 | 750 × ၃ လစာ | 2250 |
| ၃ | ဒေါ်သဲဖြူဝင်း | ၁၅-၃-၂၀၁၈ | ၂၈-၂-၂၀၂၂ | ၃နှစ်၁၁လ | 750 | 750 × ၃ လစာ | 2250 |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ဒေါ်သူးဝင့်ဝင့်သူ | ၅-၃-၂၀၁၈ | ၂၈-၂-၂၀၂၂ | ၃နှစ်၁၁လ | 450 | 450 × ၃ လစာ | 1350 |
| ၅ | ဒေါ်တင်မျိုးနွယ် | ၂၆-၈-၂၀၁၉ | ၂၈-၂-၂၀၂၂ | ၂နှစ်၆လ | 550 | 550 × ၁ လခွဲစာ | 550 |
| ၆ | ဒေါ်အမ်ခရစ်လုမိုင် | ၁၉-၁-၂၀၂၀ | ၂၈-၂-၂၀၂၂ | ၂နှစ်၁လ | 400 | 400 × ၁ လခွဲစာ | 400 |
| ၇ | ဒေါ်သဥ္ဇာအေး | ၂-၁-၂၀၁၉ | ၂၈-၂-၂၀၂၂ | ၃နှစ်၂လ | 250 | 250 × ၃ လစာ | 750 |
| ၈ | ဦးသက်အောင်လှိုင် | ၉-၇-၂၀၁၈ | ၂၈-၂-၂၀၂၂ | ၃နှစ်၇လ | 180 | 180 × ၃ လစာ | 540 |
| ၉ | ဦးစည်သူထက် | ၁-၃-၂၀၁၉ | ၂၈-၂-၂၀၂၂ | ၂နှစ်၁၁လ | 450 | 450 × ၁ လခွဲစာ | 450 |
| ၁၀ | ဒေါ်ချစ်ချစ်ဖော် | ၁၀-၉-၂၀၁၈ | ၂၈-၂-၂၀၂၂ | ၃နှစ်၅လ | 300 | 300 × ၃ လစာ | 900 |
| ၁၁ | ဒေါ်နွယ်နွယ်ချိန် | ၄-၁၂-၂၀၁၇ | ၂၈-၂-၂၀၂၂ | ၄နှစ်၂လ | 850 | 850 × ၄ လစာ | 3400 |

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၇/၂၀၂၂) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိ၍ အလုပ်ရှင် ဒေါ်နန်းမြ၊ ဦးခင်မောင်ဌွေး (Director Of Finance) (အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာခြင်းအပေါ် ခုံသမာဓိကောင်စီ၊ အငြင်းပွားမှုအမှတ် (၁၈/၂၀၂၂) ဖြင့် သတ်မှတ်၍ အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ ၁၉-၅-၂၀၂၂ ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၇၉/၂၀၂၂) ဖြင့် ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌ ဦးသောင်းစိန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဦးထွန်းအောင် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးတင်ထွန်း (အလုပ်သမားကိုယ်စားလှယ်) တို့ ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ သည်။

၅။ ခုံသမာဓိကောင်စီခုံအဖွဲ့သည် COVID 19 ကာကွယ်တားဆီးရေးထိန်းချုပ်ကာလဖြစ်ပါ၍ ယခုအငြင်းပွားမှုကို ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၃ (က) အရ “သက်ဆိုင်ရာအငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း (သို့မဟုတ်) ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်”ဟူသော ပြဋ္ဌာန်းချက်အရ ခုံအဖွဲ့သည် အငြင်းပွားမှုနှင့်သက်ဆိုင်သူ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ အမှုကို ထိရောက်မှန်ကန်စွာစစ်ဆေးနိုင်ရေးအတွက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရုံး၊ ခုံသမာဓိအဖွဲ့ရုံး အသီးသီးသို့ အဆင့်ဆင့် တင်ပြထွက်ဆိုခဲ့သော ထွက်ဆိုချက်တင်ပြလွှာများ၊ သက်သေခံချက်၊ စာရွက်စာတမ်း အသီးသီးတို့ကို သေချာစိစစ်ခဲ့ပြီး အလုပ်ရှင်အလုပ်သမားတို့၏ အကျိုးစီးပွားမထိခိုက်စေရေးနှင့် အငြင်းပွားမှု

ပြေငြိမ်းစေရေးတို့ကို ရှေးရှုဆောင်ရွက်ခဲ့ပါသည်။ အငြင်းပွားမှုကို စစ်ဆေးဆောင်ရွက်ရာတွင် ခုံအဖွဲ့ဝင်တို့၏ အတွေ့အကြုံ၊ ဗဟုသုတများနှင့် ဥပဒေရေးရာအချက်အလက်များကို ပေါင်းစည်း၍ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြပါသည်။

၆။ သို့ဖြစ်၍ ယခုအငြင်းပွားမှုဖြစ်ပွားပုံ အကျဉ်းချုပ်နှင့်အတူ ခုံသမာဓိကောင်စီ၏ အဆိုပါ အငြင်းပွားမှုအပေါ် ကောက်ချက်များ၊ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အခြေပြု၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်များကို သိရှိနိုင်ရန် အဆင့်လိုက် ပြုစုဖော်ပြအပ်ပါသည်။

<u>အမှုဖြစ်စဉ်အကျဉ်းချုပ်</u> (ခုံသမာဓိကောင်စီ)

၇။ အငြင်းပွားမှုဖြစ်ပွားသည့် Grand Mercure Yangon Golden Empire (Grand Mercure Hotel) သည် မြန်မာနိုင်ငံသားပိုင် ပုဂ္ဂလိကပိုင်ဖြစ်ပြီး ပြည်တွင်းပြည်ပခရီးသွားတည်းခိုရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားလုပ်သား ကျား ၃၁ဦး၊ မ ၁၄ဦး၊ စုစုပေါင်း ၄၅ဦးရှိပါသည်။ ဟိုတယ်လုပ်ငန်းသည် ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်အချိုးကျလျက်ရှိရာ တစ်ကမ္ဘာလုံးတွင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝှမ်း စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ ကျဆင်းခဲ့သဖြင့် ဤဂယက်ကို နိုင်ငံတိုင်းရှိ ဟိုတယ်လုပ်ငန်းအသီးသီးကို ထိခိုက်စေခဲ့ပြီး ယင်းလုပ်ငန်းတွင် လုပ်ကိုင်နေခဲ့ကြသော အလုပ်အကိုင်အသီးသီး ထိခိုက်ခဲ့ကြပါသည်။ အလုပ်အကိုင်တည်မြဲခြင်းမရှိ အပြည့်အဝ လုပ်ကိုင်ခွင့်မရှိသည့်အတွက် လစဉ်ဝင်ငွေ၊ နေ့စဉ်ဝင်ငွေများ ကျဆင်းခဲ့ရပြီး အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ ဖြစ်ပွားခဲ့ကြသဖြင့် ယခုအငြင်းပွားမှုသည်လည်း အဆိုပါ ကပ်ရောဂါဘေးကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ကောက်ချက်။ ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား (၁၁)ဦးတို့အား မူလအလုပ်၊ မူလရာထူး မူလလစာတို့တွင် ပြန်လည်ခန့်အပ်ခြင်း ပြု/ မပြုနှင့် ခန့်အပ်ခြင်းမပြုပါက ဥပဒေအရ ပြဋ္ဌာန်းထားသည့် အလုပ်ရပ်စဲမှုဆိုင်ရာ ခံစားခွင့်များ ခွင့်ပြုသင့်/ မသင့်။

<u>စစ်ဆေးတွေ့ရှိချက်</u>

၈။ ယခုအငြင်းပွားမှုသည် ဟိုတယ်လုပ်ငန်းခွင်တွင် လုပ်ငန်းများ အဆင်မပြေ၍ လူအင်အား လျှော့ချခြင်း၊ တစိတ်တပိုင်း လစာငွေ လျှော့ချခြင်း၊ အလုပ်လုပ်ရက်များ လျှော့ချခြင်း၊ မူလလစာ အပြည့်ဖြင့် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းတွင် အလုပ်လုပ်ရက်အလိုက် လစာငွေကိုသာ ခံစား ရရှိခြင်းတို့ကြောင့် ဟိုတယ်ပိုင်ရှင်နှင့် ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား (၁၁)ဦးတို့အကြား ပေါ်ပေါက်ခဲ့သော အငြင်းပွားမှုတစ်ရပ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ အမှန်တကယ်မှာ ဒေါ်ဇင်ပွင့်ဖြူ

ပါ အလုပ်သမား (၆)ဦးနှင့် ဒေါ်သဥ္ဇာအေး ပါ အလုပ်သမား (၅)ဦး တို့ကို ပူးပေါင်း၍ ဒေါ်ဇင်ပွင့်ဖြူ
ပါ အလုပ်သမား (၆)ဦးနှင့် ဒေါ်သဥ္ဇာအေး ပါ အလုပ်သမား (၅)ဦး တို့ကို ပူးပေါင်း၍ ဒေါ်ဇင်ပွင့်ဖြူ
ပါ (၁၁)ဦးဖြင့် အမှုအမှတ် (၁၈/၂၀၂၂)အဖြစ် ဖွင့်လှစ်၍ စစ်ဆေးဆောင်ရွက်ခဲ့ကြပါသည်။
ယခုအငြင်းပွားမှုသည် အလုပ်ရှင်အနေဖြင့် အလုပ်သမားများအား ကမ္ဘာ့ကပ်ရောဂါ
၉။ ယခုအငြင်းပွားမှုသည် အလုပ်ရှင်အနေဖြင့် ဟိုတယ်လုပ်ငန်းခွင်ရှိ အလုပ်သမားများကို ဝင်ငွေ
မပြန့်ပွားမီအခြေအနေတွင် ရှိနေသည့်အတိုင်း ဟိုတယ်လုပ်ငန်းခွင်ရှိ အလုပ်သမားများကို ဝင်ငွေ
အပြည့်ပေးနိုင်မည်မဟုတ်သော်လည်း နိုင်ငံတော်အတွင်းအလုပ်လက်မဲ့နှုန်း မြင့်တက်၍ ဟိုတယ်ရှိ
ဝန်ထမ်းများနှင့် မိသားစုများ စားဝတ်နေရေး မပြေလည်နိုင်သည်ကို ရှောင်ရှားနိုင်ရန် အလုပ်ရှင်
သည် မြန်မာ့စီးပွားရေးဘဏ် နိုင်ငံတော်မှ ကိုဗစ်ကုစားရေးချေးငွေ ၁၀၀,၀၀၀,၀၀၀/-ကျပ်တိတိ
(ကျပ်သိန်းတစ်ထောင်တိတိ)ကို ချေးယူ၍ လုပ်သားများ၊ ဝန်ထမ်းများ၏ အမှန်တကယ် လုပ်ရက်
များအတွက် လစာပေးချေခဲ့ရုံသာမက အလုပ်မဆင်းရသည့်ဝန်ထမ်းများကိုပါ မူလလစာ၏ ၂၀%
ပေးချေခဲ့ရကြောင်း အလုပ်ရှင်၏ တင်ပြလွှာအရ စစ်ဆေးတွေ့ရှိရပါသည်။ ထို့အပြင် ဧည့်သည်
ဝင်ရောက်မှုနှုန်း ၄၀% ရှိလျှင် (၁)ပတ်လျှင် (၂) ရက် အနည်းဆုံးဆင်းခိုင်းပြီး အလုပ်လုပ်ရက်
အပေါ် မူတည်ပြီး လစာတွက်ချက်ပေးမည်၊ ဧည့်သည်ဝင်နှုန်း ၆၀% ရှိလျှင် လစာအပြည့်ဖြင့်
အလုပ်ဆင်းနိုင်းမည်ဟု အလုပ်ရှင်မှ ပြောဆိုခဲ့သော်လည်း ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား
(၁၁)ဦးတို့က မူလနေရာ၊ မူလရာထူး၊ မူလလစာတို့ဖြင့် အလုပ်ခွင်သို့ ဝင်ရောက်လိုကြောင်း
တင်ပြခဲ့ကြ၍ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍မရပါကြောင်း၊ ဟိုတယ်အနေဖြင့်
ဝင်ငွေရရှိမှုအခြေအနေမှာ လွန်စွာကျဆင်းနေပြီး ကျန်းမာရေးဝန်ကြီးဌာနမှ Quarantine Hotel
အဖြစ် သတ်မှတ်ထားခြင်းကြောင့် ဧည့်သည်များ လာရောက်မှုမရှိခြင်း၊ အခန်းပေါင်း
(၁၇၅)ခန်းရှိသည့်အနက် အခန်း(၆၀) ပတ်ဝန်းကျင်သာ လုပ်ကိုင်ရပြီး Quarantine ဧည့်သည်
များသာ ရောက်ရှိလာသည်ဖြစ်၍ တစ်လလျှင် (၇)ရက်ခန့် လည်ပတ်လုပ်ကိုင်နိုင်ခြင်း ကြောင့်
ဟိုတယ်ဝင်ငွေ အရှုံးသက်သက် ဖြစ်ပေါ်လာသည်ဖြစ်၍ လုပ်ငန်းလိုအပ်ချက်ရှိသည့် ဝန်ထမ်းများ
ကိုသာ ခေါ်ယူလုပ်ကိုင်ခဲ့ရပြီး လစာအပြည့်မဟုတ်ဘဲ အလုပ်လုပ်ရက်အပေါ် မူတည်၍
လစာနှုန်းထား သီးခြားဖြင့် တွက်ချက်ခံစားခွင့်ပြုခဲ့ကြောင်း ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား
(၁၁)ဦးတို့အနက် ဒေါ်သူးဝင့်ဝင့်သူ၊ ဒေါ်တင်မျိုးနွယ်၊ ဒေါ်အိမ်ခရစ်လုမိုင် နှင့် ဒေါ်နွယ်နွယ်ချိန်တို့ကို
အလုပ်ရှင်မှ လုပ်ငန်းခွင်သို့ လက်ရှိနေရာများတွင် ပြန်လည်ဝင်ရောက်ရန် နှင့် အလုပ်လုပ်ရက်
အပေါ် မူတည်၍ လစာပေးသွားမည်ဖြစ်ကြောင်း ဆက်သွယ်ခဲ့သော်လည်း မူလနေရာ၊ မူလရာထူး၊
မူလလစာ ရရှိမှသာ ဝင်ရောက်လိုကြောင်းနှင့် ဒေါ်သဥ္ဇာအေး၊ ဦးစည်သူထက်တို့မှလည်း
မူလအလုပ်အကိုင်များသို့ ပြန်လည်ခန့်ထားခြင်းမရှိ၍ မဝင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။
ကျန်အလုပ်သမားဖြစ်သည့် ဦးသက်အောင်လှိုင်၊ ဒေါ်ချစ်ချစ်ဇော်တို့ကို လုပ်ငန်းလိုအပ်ချက်မရှိ၍
ပြန်လည်ခေါ်ယူခန့်ထားခြင်းမရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ဦးကျော်စွာရှိန်နှင့်
ဒေါ်သဲဖြူဝင်းတို့မှလည်း မိမိတို့ အလုပ်ရှင်နှင့် ပြန်လည်ဆက်သွယ်မှုမရှိ၍ မူလအလုပ်ခွင်များသို့

ပြန်လည်ဝင်ရောက်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ဖြစ်၍ အလုပ်ရှင်သည် ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား(၁၁)ဦးတို့အားမူလနေရာ၊ မူလရာထူး၊ မူလလစာတို့ဖြင့် ပြန်လည်ခန့်ထားခြင်း မရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား (၁၁)ဦးတို့အား ပေးချေရာတွင် USD ဖြင့် EC စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း လစာထုတ်ယူလျှင် ၎င်းလစာ USD နှင့်ညီမျှသော မြန်မာကျပ်ငွေကို သက်ဆိုင်ရာဘဏ်စာရင်းဖွင့်လှစ်ထားသည့်ဘဏ်မှ ထုတ်ယူခံစားခဲ့ကြပြီး ယခု ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ပါအတိုင်း ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား (၁၁)ဦးတို့ အနေဖြင့် နောက်ဆုံးထုတ်လစာရယူခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ၏ USD ငွေလဲလှယ်နှုန်းနှင့် ညီမျှသော မြန်မာကျပ်ငွေခံစားခွင့်များ ထုတ်ပေးသင့်ပါကြောင်း တင်ပြထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အလုပ်ရှင်အနေဖြင့်လည်း အလုပ်စတင်ဝင်ရောက်သည့် နေ့ရက်၊ ခုနှစ်၊ လုပ်သက်တို့ကို အတည်ပြုပါကြောင်း ထွက်ဆိုထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ထို့ပြင် အလုပ်ရှင်အနေဖြင့် ၎င်းတို့၏ နေရာများတွင် လူသစ်များ ခန့်ထားခြင်း မရှိပါကြောင်း တင်ပြထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

<u>သုံးသပ်ချက်</u>

၁၀။ ယခုအငြင်းပွားမှုပြေလည်စေရေးကို ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ဝင်တို့သည် မိမိတို့၏ အတွေ့အကြုံ၊ ဗဟုသုတနှင့် မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မှသာလျှင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့သည် နစ်နာမှုမရှိဘဲ ပြေလည်မှုရရှိနိုင်မည်ဟု သုံးသပ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အနှံ့အပြား ဟိုတယ်လုပ်ငန်းဌာန ဝန်ဆောင်မှုအသီးသီးတို့တွင် ထိခိုက်ကျဆင်းခဲ့ရသော စီးပွားရေးအခြေအနေများကြောင့် လုပ်ငန်းခွင်အသီးသီးတို့မှ အလုပ်သမားတို့၏ အလုပ်ခွင်တည်မြဲရေး ပြဿနာများ ပေါ်ပေါက်ခဲ့ကြပြီး တစိတ်တပိုင်းအလုပ်လက်မဲ့များ ရှိလာပါ၍ မိသားစု၏ မူလဝင်ငွေ၊ စားဝတ်နေရေးတို့ကို ထိခိုက် ပေါ်ပေါက်စေခဲ့သည်ကိုလည်း တွေ့နိုင်ပါသည်။ အလုပ်လက်မဲ့၊ တစိတ်တပိုင်းအလုပ်လက်မဲ့များ ရှိပါက မိသားစု၏ ဝင်ငွေ၊ စားဝတ်နေရေး အဆင့်အတန်းတို့ကို လွန်စွာထိခိုက်နစ်နာစေသည်ကို ထင်ရှားစွာ တွေ့ရှိနိုင်သည်ဖြစ်၍ ဤအငြင်းပွားမှုကို ဖြေရှင်းဆောင်ရွက်ရာတွင် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန် အလုပ်ရှင်၊ အလုပ်သမားတို့မှလည်း ဤအမှုကို အမြန်ဆုံးပြီးပြတ်စေရေးနှင့် ပြေငြိမ်းစေရေးကို ဦးတည် ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်ပါသည်။ သို့ဖြစ်၍ အလုပ်ရှင်သည် မိမိ၏ဝန်ထမ်း၊ အလုပ်သမား (၁၁)ဦးတို့အား အလုပ်လက်မဲ့အဖြစ် မရောက်စေလိုသောဆန္ဒဖြင့် လက်ရှိ အလုပ် အကိုင်၊ ရာထူးများမှ ထုတ်ပယ်မှုမပြုခဲ့သော်လည်း မူလရာထူး၊ မူလလစာ၊ မူလ အလုပ်ချိန် အတိုင်း ပြန်လည်ခန့်ထားနိုင်ခြင်းမပြုသည်ကို ထင်ရှားပေါ်လွင်သည်ဖြစ်၍ ဥပဒေနှင့်အညီ ရပိုင်ခွင့်၊ ခံစားခွင့်များကို ပေးအပ်ပြီး ဖြေရှင်းပေးပါက ဤအငြင်းပွားမှုများသည် ပြေလည်

သွားမည်ဖြစ်ပါသည်။ အလုပ်ရှင်အနေဖြင့် မတရားဆောင်ရွက်သည့်စိတ်ဖြင့် တားရှိကြောင်း မဟုတ်ဘဲ လက်ရှိကမ္ဘာ့ရောဂါအခြေအနေအရ ဖြစ်ပွားခဲ့ခြင်းသာဖြစ်သည်ကို သုံးသပ်ပါသည်။ မူလရာထူးများသို့ တမင်တကာ မခန့်သည် မဟုတ်ကြောင်းကို မြေပြင်အခြေအနေ၊ ခရီးသည် (ဧည့်သည်) ရရှိလည်ပတ်မှု၊ ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ၏ ကူးလူးသွား လာမှု အခြေအနေများကို ဘက်စုံ၊ ထောင့်စုံမှ လေ့လာသုံးသပ်ပါက ဤအငြင်းပွားမှုကို အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့မှ သိရှိနားလည်ပြီးပြတ်ပြေငြိမ်း သွားနိုင်သည်ဟု သုံးသပ်ပါသည်။ ဤနေရာတွင် အလုပ်ရှင်အနေဖြင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းခွင်မှ စနစ်တကျ အင်အားလျှော့ရပ်နားခြင်း၊ ရပ်စဲခြင်းများကို ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ပါက ယခုကဲ့သို့ အငြင်းပွားမှုမဖြစ်နိုင်ကြောင်း သုံးသပ်ပါသည်။ ဤကပ်ရောဂါမှ ကင်းရှင်းသွားပြီဖြစ်ကြောင်းကိုလည်း မည်သူမျှ အတိအကျ မသိရှိနိုင်သည်ဖြစ်၍ မူလလုပ်ငန်းကိုင်ငန်းများ ပြန်လည်တိုးတက်အဆင်ပြေနိုင်မှသာ မူလအတိုင်း အလုပ်ရှင်အနေဖြင့် ပြန်လည်ခန့်ထားနိုင်ဖွယ် ရှိကြောင်း သုံးသပ်ပါသည်။ ဤကဲ့သို့ အလုပ်ရှင်၏ မရေမရာသော လုပ်ရပ်များ၊ ဆုံးဖြတ်ချက်များကို ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား (၁၁)ဦးတို့က လုံးဝလက်ခံခြင်းမရှိ၍ အလုပ်ရှင်သည် ဒေါ်ဇင်ပွင့်ဖြူ ပါ အလုပ်သမား (၁၁)ဦးတို့အား အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) နှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးကို နို့တစ်ကြေးမပါဝင်ဘဲ လုပ်သက်အလိုက် ခံစားခွင့်ပြုရန်နှင့် ခံစားခွင့်ပြုသည့်ငွေများကို ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ထုတ်ယူခဲ့သောလစာကို အလုပ်ရှင်၊ အလုပ်သမားတို့ အတည်ပြုထားသည့် လုပ်သက်ကာလများဖြင့် တွက်ချက်၍ ယခင်(၃/၂၀၂၀)လစာပေးသည့်ကာလတွင်ရှိသည့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းအတိုင်း တွက်ချက်၍ မြန်မာကျပ်ငွေဖြင့် ပေးချေရန် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င)အရ အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်အမှတ် (၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၁၁-၅-၂၀၂၂ ရက်စွဲပါ အငြင်းပွားအမှတ် (၁၇/၂၀၂၂) ပါ ဆုံးဖြတ်ချက်ကို စိစစ်ပြင်ဆင်အတည်ပြုပြီး အောက်ပါဇယားအတိုင်း ထုတ်ပေးရန်နှင့် အလုပ်သမားများကိုယ်တိုင်ထုတ်ယူကြရန် ဆုံးဖြတ်သည်။

| စဉ် | အမည် | အလုပ်ဝင်ရက်စွဲ | အငြင်းပွားမှုဖြစ်ပွားသည့်နေ့ | လုပ်သက် | လစာနှုန်း (MMK) | နစ်နာကြေးနှုန်းထား | စုစုပေါင်း (MMK) |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်နွယ်နွယ်ချိုန် | ၄-၁၂-၂၀၁၇ | ၂၈-၂-၂၀၂၂ | ၄နှစ်၂လ | ၁,၁၈၇,၄၅၀ | ၁,၁၈၇,၄၅၀ × ၄ လစာ | ၄,၇၄၉,၈၀၀ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ဒေါ်သူးဝင့်ဝင့်သူ | ၅-၃-၂၀၁၈ | ၂၈-၂-၂၀၂၂ | ၃နှစ်၁၁လ | ၆၂၈,၆၅၀ | ၆၂၈,၆၅၀ × ၃ လစာ | ၁,၈၈၅,၉၅၀ |
| ၃ | ဦးကျော်စွာရှိန် | ၅-၃-၂၀၁၈ | ၂၈-၂-၂၀၂၂ | ၃နှစ်၁၁လ | ၁,၀၄၇,၇၅၀ | ၁,၀၄၇,၇၅၀ × ၃ လစာ | ၃,၁၄၃,၂၅၀ |
| ၄ | ဒေါ်သဲဖြူဝင်း | ၁၅-၃-၂၀၁၈ | ၂၈-၂-၂၀၂၂ | ၃နှစ်၁၁လ | ၁,၀၄၇,၇၅၀ | ၁,၀၄၇,၇၅၀ × ၃ လစာ | ၃,၁၄၃,၂၅၀ |
| ၅ | ဦးသက်အောင်လှိုင် | ၉-၇-၂၀၁၈ | ၂၈-၂-၂၀၂၂ | ၃နှစ်၇လ | ၂၅၁,၄၆၀ | ၂၅၁,၄၆၀ × ၃ လစာ | ၇၅၄,၃၈၀ |
| ၆ | ဒေါ်ချစ်ချစ်ဖော် | ၁၀-၉-၂၀၁၈ | ၂၈-၂-၂၀၂၂ | ၃နှစ်၅လ | ၄၁၉,၁၀၀ | ၄၁၉,၁၀၀ × ၃ လစာ | ၁,၂၅၇,၃၀၀ |
| ၇ | ဒေါ်သဥ္ဇာအေး | ၂-၁-၂၀၁၉ | ၂၈-၂-၂၀၂၂ | ၃နှစ်၂လ | ၃၄၉,၂၅၀ | ၃၄၉,၂၅၀ × ၃ လစာ | ၁,၀၄၇,၇၅၀ |
| ၈ | ဦးစည်သူထက် | ၁-၃-၂၀၁၉ | ၂၈-၂-၂၀၂၂ | ၂နှစ်၁၁လ | ၆၂၈,၆၅၀ | ၆၂၈,၆၅၀ × ၁ လခွဲစာ | ၉၄၂,၉၇၅ |
| ၉ | ဒေါ်တင်မျိုးနွယ် | ၂၆-၈-၂၀၁၉ | ၂၈-၂-၂၀၂၂ | ၂နှစ်၆လ | ၇၆၈,၃၅၀ | ၇၆၈,၃၅၀ × ၁ လခွဲစာ | ၁,၁၅၂,၅၂၅ |
| ၁၀ | ဒေါ်ဖင်ပွင့်ဖြူ | ၁၈-၁၂-၂၀၁၉ | ၂၈-၂-၂၀၂၂ | ၂နှစ်၂လ | ၁,၃၉၇,၀၀၀ | ၁,၃၉၇,၀၀၀ × ၁ လခွဲစာ | ၂,၀၉၅,၅၀၀ |
| ၁၁ | ဒေါ်အမ်ခရစ်လုမိုင် | ၁၉-၁-၂၀၂၀ | ၂၈-၂-၂၀၂၂ | ၂နှစ်၁လ | ၅၅၈,၈၀၀ | ၅၅၈,၈၀၀ × ၁ လခွဲစာ | ၈၃၈,၂၀၀ |

မှတ်ချက်။ ၎င်းတို့၏ လုပ်သက်ကာလကို အလုပ်ရှင်နှင့် တောင်းဆိုသူအလုပ်သမားများ ချိန်ကိုက်ညှိ၍ ဆောင်ရွက်ကြရန် ဖော်ပြအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်ရှင်အနေဖြင့် အလုပ်သမားများကို (၃/၂၀၂၀) နောက်ပိုင်းတွင် အလုပ်ရှင်မှ အလုပ်သမား (၁၁)ဦးတို့အား အလုပ်မှ ရပ်စဲခြင်း၊ ထုတ်ပယ်ခြင်း အမိန့်စာမရှိ၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်ပြသည့်နေ့ရက်ကို အလုပ်ရပ်စဲသည့်ရက် အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်ကို ဆန်းစစ်တွက်ချက်ထားပါသည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးသောင်းစိန် | ဦးတင်ထွန်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |